
mgyoe.com


# ဇော်ဂျီ

## ဗေဒါလမ်း ကဗျာစု



mgyoe.com

စိတ်ကူးချိုချိုအနုပညာ
တတိယအကြိမ်



mgyoe.com
mgyoe.com

mgyoe.com

| | |
|---|---|
| စာမူခွင့်ပြုချက် | ၃၃/၂၀၀၂(၉) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၀/၂၀၀၃ (၂) |

| | |
|---|---|
| မျက်နှာဖုံးပန်းချီ | ထသန် |
| စာစဉ်အုပ် | ဦးမြင့် |
| အတွင်းသရုပ်ဖော် | ဘငွေကြည် |

ပုံနှိပ်သူ — ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ — ဦးတင်ရှိန်
စန်းရောင်ရှိန်စာပေ
၄/၁၇၇၊ မေခလမ်း
မြောက်ဥက္ကလာပ၊ ရန်ကုန်။

| | |
|---|---|
| ပုံနှိပ်ခြင်း | တတိယအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဧပြီလ၊ ၂၀၀၃ |
| တန်ဖိုး | ၁၅၀၀ ကျပ် |

mgyoe.com

mgyoe.com

## မာတိကာ

| | | |
|---|---|---|
| ၁။ | မယ့်လမ်းပါလား | ၇ |
| ၂။ | မယ့်လမ်းပါတဲ့ | ၁၁ |
| ၃။ | ဘယ်ရှာ ဆိပ်ကမ်း | ၁၂ |
| ၄။ | မှန်းဖို့လိုပဲ | ၁၃ |
| ၅။ | တက်ချိန်နှင့် ကျချိန် | ၁၄ |
| ၆။ | ရဲခဲ့သည်ပါ | ၁၆ |
| ၇။ | တေးစုံနဲ့ပဲ | ၁၇ |
| ၈။ | မျှောလျက်သာပဲ | ၂၀ |
| ၉။ | စုန်ဆန်ရတာရား | ၂၁ |
| ၁၀။ | ပန်းပန်လျက်ပဲ | ၂၃ |
| ၁၁။ | တွေးမိပါစ | ၂၅ |
| ၁၂။ | စိုင်းဦးမှာလား | ၂၆ |
| ၁၃။ | ဆိုင်ခင်းလျက်ပဲ | ၂၈ |
| ၁၄။ | ချောင်းရဲ့အလှ | ၃၁ |
| ၁၅။ | သူ့လမ်းစဉ် | ၃၃ |
| ၁၆။ | ချောင်းလှဖို့ကို | ၃၄ |
| ၁၇။ | ဗေဒါနှင့် ကျူပင် | ၃၆ |
| ၁၈။ | ပွင့်ဖူးတံချီ | ၃၈ |

mgyoe.com

mgyoe.com


၁၉။ ချောင်းတစ်ခွင် ၄၀

၂၀။ တင်းရပုံပဲ ၄၂

၂၁။ လှလိုက်မှာပဲ ၄၄

၂၂။ ဒီတရား ၄၆

၂၃။ တိုးထွက်နိုင်မှ ၄၈

၂၄။ မယ့်ဖြစ်နည်း ၄၉

၂၅။ ဆုံတစ်ခါ ဆန်တစ်လှည့် ၅၁

၂၆။ ချောင်းကထွေထွေ ၅၃

၂၇။ မင်းလိုက်လာစမ်း ၅၄

၂၈။ ပန်းဝင်နိုင်ပါရဲ့ ၅၆

၂၉။ ကြံဖန်ရ ၅၇

၃၀။ ပန်းခဲ့သည်ပဲ ၅၈

၃၁။ မင်းပါမှပဲ ၆၀

၃၂။ ပန်းသိပါရဲ့ ၆၁

၃၃။ မင့်စေနာ ၆၃

၃၄။ မယ့်သဘော ၆၅

၃၅။ ဗေဒါခင်အသိ ၆၇

၃၆။ မယ့်အိမ်ပဲ ၆၉

၃၇။ လမ်းရိုးပါကွဲ့ ၇၀

၃၈။ ဒီရေသမီး ၇၁

၃၉။ သိပါမြည်ပါ ၇၃

၄၀။ ချောင်းမအသိ ၇၅

၄၁။ တစ်လှည့်စီ စုန်ဆန်မြဲ ၇၇

– အတ္ထုပ္ပတ္တိအကျဉ်း ၇၉




mgyoe.com

mgyoe.com

## မယ့်လမ်းပါလား

ပန်းနီလာ ဇေဒါ ဆင်သလို့
ယဉ်လှတယ်လေး။
စုန်ချည် ဆန်ချည်နဲ့
ဒီချောင်းရေ ဇေဒါလမ်းမှာ
တန်းစီလို့လေး။

အိုအချင်း ကျူရိုးရှင်။
မဇေဒါ ပြာလဲ့လန်း၊ ကမ်းကပ်မယ် ပြင်။
စံပယ်လှ ပွင့်ဖြူစင်၊ ကမ်းခွင်က ငယ်ကျွမ်း။
သူ့လိပ်ပြာ ခြ်အရံနဲ့
သူစံရာ သူပျော်မွေ့၊ ပြေးတွေ့ချင်စမ်းတဲ့။

တွေ့ချင်တဲ့ စေတနာရယ်။
ငယ်ကျွမ်းဆွေ လွမ်းဝေတေးပေမို့
အေးချိုလှတယ်။



mgyoe.com

mgyoe.com

လိပ်ပြာက ဝတ်ရည်သယ်၊ စံပယ်က မအား။
ပွင့်ဖူး တဝေဝေနဲ့
ဒီချောင်းရေ ဗေဒါလမ်း၊ မယ့်လမ်းပါလား။

အိုအချင်း ကျူရိုးရှင်။
မဗေဒါ ပြာလဲ့လန်း၊ ကမ်းကပ်ပြန်ချင်။
ဟိုအကွေ့မှာလ
ကိုရင်ဖေ့ ချစ်ရေစင်၊ ပျိုခင်ရဲ့ အနွဲ့။
ပျို့လက်မှာ မယ်ဗေဒါက
ပျို့မျက်နှာ ချစ်အုံ့ပုန်းကို၊ ပြုံးကြည့်ချင်ငဲ့တဲ့။

ကြည့်ချင်တဲ့ စေတနာရယ်။
သနားဖွယ် ချစ်ဖွယ်တေးပေမို့
အေးချိုလှတယ်။
ချစ်စနိုးရယ်နဲ့
မြစ်ရိုးက အပြာခြယ်ကို
ပျိုနယ် လိုက်လေမလား။
ပွင့်ဖူး တဝေဝေနဲ့
ဒီချောင်းရေ ဗေဒါလမ်း၊ မယ့်လမ်းပါလား။

အိုအချင်း ကျူရိုးရှင်။
မဗေဒါ ပြာလဲ့လန်း၊ ကမ်းကပ်ပြန်ချင်။
ထီးတော်က တချွင်ချွင်၊ ကွင်းပြင်က ဘုရား။



mgyoe.com

mgyoe.com

နေမင်း ညိုချိန်တန်ပေါ့
နိဗ္ဗာန်ကို စိတ်ကြဲကူး၊ ဖူးချင်လျက်သားတဲ့။


ဖူးချင်တဲ့ စေတနာရယ်။
နိဗ္ဗိန္ဒာ ဂီတာတေးပေမို့၊ အေးချိုလှတယ်။
ကျွတ်ဆုကိုရှယ်၊ လွယ်ပါတော့ အရ။
ပွင့်ဖူး တဝေဝေနဲ့
ဒီချောင်းရေ ဇေဒါလမ်း၊ မယ့်လမ်းသာပါ့။

ချောင်းရေက ဖောင်၊ တောင်လေက သွေး။
ရွက်လင်းယဉ် မြိုင်မြိုင်နဲ့
ပန်းတိုင်ကို ပန်းခိုင်ဆိုက်အောင်။
အားစိုက်ပါလေး။ ။

ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် (၁၉၅၇–၁၉၅၈)



mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

## မယ့်လမ်းပါတဲ့

ဒီချောင်းမှာ ရှင်၊ ဇေဒါခင် ပြာလဲ့။
စံပယ်ကို ယိုးမယ်ဖွဲ့၊ ကမ်းကပ်ချင်ခဲ့။

ဒီချောင်းမှာ ရှင်၊ ဇေဒါခင် ပြာလဲ့။
ပျို့မယ်ကို ယိုးမယ်ဖွဲ့၊ ကမ်းကပ်ချင်ခဲ့။

ဒီချောင်းမှာ ရှင်၊ ဇေဒါခင် ပြာလဲ့။
စေတီငယ် ယိုးမယ်ဖွဲ့၊ ကမ်းကပ်ချင်ခဲ့။

လင်းယဉ်နဲ့ တချီချီ။
ကျူရိုးရှင် သူ့စကား၊ နားကျခဲ့ပြီ။
ကျွတ်ဆုမြတ် စလွယ်ချည်၊ ဇေဒါရီ ပြာလဲ့။
စုန်ချည် ဆန်ချည်နဲ့
ဒီချောင်းရေ ဇေဒါလမ်း၊ မယ့်လမ်းပါတဲ့။ ။

**ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် (၁၉၅၇–၁၉၅၈)**



mgyoe.com

mgyoe.com

# ဘယ်ရွာ ဆိပ်ကမ်း

ချောင်းပြင်မှာ စီတန်းလို့
ဗေဒါပန်း ရေကြောင်ဆွဲ၊ မျောလို့သာနေ။
ကမ်းကွေ့မှာ ခွေ၊ ကမ်းပြေတော့ စင်း။
သည်ချောင်းရေ လေမခတ်တယ်
စီးတတ်လေခြင်း။

ကျူရိုးရှင် ပီပီမှုတ်လို့
ဘုတ်မကို သူကပြိုင်၊ ချောင်းစပ်မှာ ထိုင်။
ဘုတ်မက တိုင်၊ ကျူကိုင်က အေး။
ရေစီးနဲ့ လာ၊ ရေသာမှာပြန်လို့ မြန်းတဲ့
မဗေဒါ စုန်ဆန်ပန်းကို၊ လွမ်းတယ်တဲ့လေး။

စုန်ပါတဲ့ ဆန်ပါ။
ကျူရိုးရှင် ပီပီကလေးနဲ့၊ တေးချိုလို့သာ။
ဘယ်မြို့ကလာ၊ ဘယ်ရွာဆိပ်ကမ်း။
အပွင့်အပြာရောင်နဲ့
ဘယ်သောင်မှာ နေချိုအေးလျှင်။
မေးအိပ်မယ်မှန်း။ ။

ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် (၁၉၅၇-၁၉၅၈)



mgyoe.com

mgyoe.com

# မှန်းဖို့ လိုပဲ

မဗေဒါ၊ ဘယ်ရွာ ဘယ်စခန်းနဲ့
ဘယ်ကမ်းခြေ ဘယ်ရေဆိပ်မှာမှ၊ နေအိပ်လိုပဲ။
ဒီတက်လျှင်ပျော်
ဗေဒါမော် ရေကျော်ဆိုက်အောင်
ဆန်လိုက်သည်ပဲ။

မဗေဒါ၊ ဘယ်ရွာ ဘယ်စခန်းနဲ့
ဘယ်ကမ်းခြေ ဘယ်ရေဆိပ်မှာမှ၊ နေအိပ်လိုပဲ။
ဒီကျလျှင် ရွှင်
ဗေဒါခင် ပင်လယ်ဆိုက်အောင်
စုန်လိုက်သည်ပဲ။

ဘုတ်မက အိ၊ ပိပိက သံမစဲ။
မဗေဒါ စုန်ဆန်လမ်းကို၊ မှန်းဖို့လိုပဲ။ ။

ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် (၁၉၅၇-၁၉၅၈)



mgyoe.com

mgyoe.com

# တက်ချိန်နှင့် ကျချိန်

ဗျိုင်းညီနောင်၊ အတောင်က ဖြူဖွေး။
ကမ်းစပ်ကိုကြည့်
ကွင်းပြင်ကို စားကျက်ပြောင်းကြပေါ့
ချောင်းအောက်ခွင် ပင်လယ်ဝမှာ၊ ဒီကြွပြီလေး။

ကဏန်းမ ရွှံ့စိုစို၊ တစ်ကိုယ်လုံး နီတွေး။
တွင်းဝ လတာပြင်က
ခရာပင် တွယ်ကာတက်လေပေါ့
တောင်ဘက်ခွင် ပင်လယ်စွန်းမှာ
ဒီတွန်းပြီလေး။

ပုစဉ်းကောင်၊ အတောင်က ငွေမှေး။
ကမ်းစပ် ကျူတစ်ရုံက
သူမလုံ သူခုန်ထွက်လေပေါ့၊ ဒီတက်ပြီလေး။
ဒီတက်ချိန်တန်၊ ဆန်လာပေါ့ ဗေဒါပန်း။
ကျူရိုးရှင် ကျူတံတီး၊ ဆီးကြိုလို့လွမ်း။



mgyoe.com

mgyoe.com

ဖျိုင်းညီနောင်၊ အတောင်ကဖြူဖွေး။
ကမ်းစပ်မှာငိုင်
သူ့လည်တိုင် ဓွေတစောင်းနဲ့
ရေတံငါ အစာချောင်းပြန်ပေါ့
ဒီညောင်းပြီလေး။
ကဏန်းမ ရွှံ့စိုစို၊ တစ်ကိုယ်လုံး နီတွေး။
လက်မ တထောင်ထောင်နဲ့
တွင်းပေါင်မှာ မင်းယောင်ခင်းပြန်ပေါ့
ဒီဆင်းပြီလေး။

ပုစဉ်းကောင်၊ အတောင်ကငွေမှေး။
ကျူရုံမှာ သူလှုံခပြန်ပေါ့၊ ဒီကျပြီလေး။
ဒီကျချိန်တန်၊ စုန်ပြန်ပေါ့ ဗေဒါပန်း။
ကျူရိုးရှင် ကျူပင်ရွက်နဲ့
ခွန်းဆက်လို့လွမ်း။

**ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် (၁၉၅၇-၁၉၅၉)**



mgyoe.com

mgyoe.com

# ရခဲ့သည်ပဲ့

မြစ်တန်းမှာတဲ့ လေကြမ်းဆင်။
ထန်လိုက်လေ လေမုန်တိုင်း
လှိုင်းကဘောင်ဘင်။
တစ်လှိုင်းထွက် တစ်လှိုင်းဝင်၊ ဗေဒါခင်ဖြစ်နဲ့။
ရေလှိုင်း ဗရပွေနဲ့
မုန်တိုင်းလေ ရေတစ်ရိုးမှာ၊ စိုးရွံ့မှာပဲ။

မြစ်ရိုးမှာတဲ့ မိုးသက်ဆင်။
လျှပ်ကြိုးပျံ့ မိုးသံထစ်၊ မိုးစစ်ဘုရင်။
မိုးညစ်လို့ မြစ်မမြင်၊ ဗေဒါခင်ဖြစ်နဲ့။
ရေလှိုင်း ဗရပွေနဲ့
မိုးသက်လေ ရေတစ်ရိုးမှာ၊ စိုးရွံ့မှာပဲ။

စိုးမရွံ့ တွန့်မတုန်။
မိုးနှင့်လေ ရေရှုပ်ထွေး၊ ရွေးမျှမဖြုံ။
ဆန်လိုက်ပြန်တုံ၊ စုန်လိုက်ပြန်ရ။
ခေါက်ပေါင်း မရေနိုင်လို့
ဗေဒါခိုင် သည်မြစ်ထဲ၊ ရခဲ့သည်ပဲ့။ ။

ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် (၁၉၅၇–၁၉၅၈)



mgyoe.com

mgyoe.com

# တေးစုံနဲ့ပဲ

တီတာတာ

ကညာ မေဘုတ်က၊ ရွှေနှုတ်ချိုသွေး။

ကျူရိုးရှင် ပီပီနွဲ့၊ လွမ်းမယ်ဘွဲ့ တေး။

ပဒေသာ

ထေရ်ဝါရည်စူးလို့၊ လှေဦးမှာ လေး။

ကျူရိုးရှင် ပီပီနှော၊ စည်ပြောသံတေး။

သောင်အခြေ

ခေါင်ရေ လေမြူးတော့၊ ရေရှူးတွေ ဖွေး။

ကျူရိုးရှင် ပီပီဟိန်း၊ ဗိန်းဗောင်းသံ တေး။

အကောင်သေ

တောင်လေ ရေတက်တော့၊ ရေယက်နဲ့ ထွေး။

ကျူရိုးရှင် ပီပီညှင်း၊ ငိုချင်းသံ တေး။



mgyoe.com

mgyoe.com

တက်မကူ
ရွက်ဖြူ ပူဖောင်းနဲ့၊ လှေလောင်းကိုယ်လေး။
ကျူရိုးရှင် ပီပီပျိုး၊ ဘွဲ့ကြိုးသံတေး။


ပြူ့တပြူ
မြေငှ မနိကျွန်း၊ သောင်ထွန်းပြီလေး။
ကျူရိုးရှင် ပီပီနှော၊ သားချော့သံတေး။

တေးမျိုးရယ်စုံ၊ ကုန်နိုင်ပါလေပဲ။
မဖေဒါ စုန်ဆန်မြဲ၊ တေးစုံနဲ့ပဲ။

**ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် (၁၉၅၇-၁၉၅၈)**



mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

## မျောလျက်သာပဲ

လေပြင်းငယ် ပွေ၊ လေပြေလျှင်လည်း။
ချောင်းကျယ် ဘယ်မငြင်း
ချောင်းကျဉ်းလျှင်လည်း။

နေပူတုန်း ခါ၊ မိုးရွာလျှင်လည်း။
လသာသာ ပျိုအိုကြိုက်၊ လမိုက်လျှင်လည်း။

အဖော်ငယ်စုံ၊ ဖော်မစုံလျှင်လည်း။
ပွင့်ဖူးငုံ အကုန်လန်း၊ နွမ်းနယ်လျက်လည်း။

စုန်ပြန်ရ အဖန်ဖန်၊ ဆန်ပြန်ရ တလဲလဲ။
မဗေဒါ ဒီရေကြောမှာ၊ မျောလျက်သာပဲ။

**ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် (၁၉၅၇–၁၉၅၉)**



mgyoe.com

mgyoe.com

# စုန်ဆန်ရ တရား

ပန်းပါဘိ ဗေဒါဆွေ။
ကျူရိုးရှင် ပီပီကလေး၊ တေးသံက ဝေ။
စုန်ဆန်ရ တပေပေ၊ ဒီရေနယ် တစ်ကျေး။
ဒီချောင်းရေ ဗေဒါလမ်း၊ ပန်းဖွယ်တဲ့လေး။

အိုအချင်း ကျူရိုးရှင်။
နေသာမှာ ရွာရဟန်း၊ ဆွမ်းခံကြွဝင်။
ထန်းတစ်ဖျား နေကိုမြင်၊ ရွာပြင်က တံတား။
ဆွမ်းခံပြန် ရွာကိုရှား၊ နေ့တိုင်းပါလား။

အိုအချင်း ကျူရိုးရှင်။
ဟင်းရွက်စုံ နှစ်ပုံထပ်၊ လောင်းစပ်မှာတင်။
ဈေးသမား မယားလင်
တစ်ရွာဝင် တစ်ရွာသွား။
အိမ်အပြန် ပုစွန်ငါး၊ နေ့တိုင်းပါလား။



mgyoe.com

mgyoe.com

ဒီတက်တော့ သူထက်သန်။
ဒီကျလျှင် သူရှင်လန်း၊ တန်းစီလို့ပြန်။
အလဲလဲ အဖန်ဖန်၊ စုန်ဆန်ရတာရား။
ဗေဒါဆွေ ဒီရေသွား၊ မြင်ထားလို့လား။ ။

**ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် (၁၉၅၇–၁၉၅၈)**



mgyoe.com

mgyoe.com

# ပန်းပန်လျက်ပဲ

ညိုပြာပြာ လတာပြင့် ခြေရင်း။
လှိုင်းတက်ရာ ဇေဒါတက်၊ လှိုင်းသက်ရာဆင်း။

ဆင်းရလည်း မသက်သာ။
အုန်းလက်ကြွေ ရေပေါ်လော၊ မျောစုန်လို့လာ။
အဆင်းနဲ့ အလာ၊ ဇေဒါမ အထွေး။
အုန်းလက်ကြွေ သူ့နံဘေး၊ ဆောင့်ခဲ့ရသေး။

ဆောင့်ခဲ့လည်း မသက်သာ။
နောက်တစ်ချီ ဒီတစ်လုံးက၊ ဖုံးလိုက်ပြန်ပါ။
မြုပ်လေပေါ့ ပေါ်မလာ၊ မဇေဒါ အလှ။
တစ်လံကွာ လှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ။

ပေါ်ပြန်လည်း မသက်သာ။
ချောင်းအဆွယ် မြောင်းငယ်ထဲက
ဘဲထွက်လို့လာ။



mgyoe.com